၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအဓိပ္ပါယ် သက်ရောက်စေရမည်—

**အဓိပ္ပါယ်ဖော်ပြချက်များ**

(က) မြန်မာနိုင်ငံ ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) ဤဥပဒေ ဆိုသည်မှာ ဝင်ငွေခွန်ဥပဒေကို ဆိုသည်။

(ဂ) နည်းဥပဒေများ ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများကို ဆိုသည်။

(ဃ) အခွန် ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ဝင်ငွေခွန်ဖြစ်ပြီး၊ ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်းပါဝင်သည်။

(င) အခွန်ထမ်း ဆိုသည်မှာ ဤဥပဒေအရ ဝင်ငွေခွန် စည်းကြပ်ရန်ရှိသည့် ဝင်ငွေရရှိသဖြင့် ထိုဝင်ငွေအပေါ်ကျသင့်သည့်ဝင်ငွေခွန်ကို ထမ်းဆောင်ရမည့်သူကိုဆိုသည်။

(စ) ဝင်ငွေရရှိသည် ဆိုသည်မှာ ဝင်ငွေရရှိခြင်း၊ ဝင်ငွေရရှိသည်ဟု မှတ်ယူခြင်း၊ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ခြင်း၊ သို့မဟုတ် ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည်ဟု မှတ်ယူခြင်းတို့ကို ဆိုသည်။

(ဆ) နှစ် ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ဇ) ဝင်ငွေနှစ် ဆိုသည်မှာ ဝင်ငွေရရှိသည့်နှစ်ကို ဆိုသည်။

(ဈ) စည်းကြပ်နှစ် ဆိုသည်မှာ ဝင်ငွေနှစ်နှင့် တဆက်တည်းဖြစ်သော နောက်နှစ်ကို ဆိုသည်။

(ည) ပုဂ္ဂိုလ်ခု ဆိုသည်တွင် တစ်ဦးတစ်ယောက်၊ ကုမ္ပဏီ၊ သမဝါယမအသင်းနှင့် အခြားဝင်ငွေရရှိသော စုပေါင်းထားသည့် တဦးချင်းပုဂ္ဂိုလ်များပါဝင်သည်။

(ဋ) ပြည်တွင်းနေ နိုင်ငံခြားသား ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်—

(၁) ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ ရက်ပေါင်း သုံးရာထက်မနည်း နေထိုင်သော နိုင်ငံခြားသား။

(၂) ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ ရက်ပေါင်း သုံးရာစီထက်မနည်း နေထိုင်သည့် နိုင်ငံခြားသားများပါဝင်သော ပုဂ္ဂိုလ်ခု။

(၃) မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ တည်ထောင်၍ နိုင်ငံခြားသား အစုရှင်များပါဝင်သော ကုမ္ပဏီ။

(ဌ) ပြည်ပနေနိုင်ငံခြားသား ဆိုသည်မှာ ပြည်တွင်းနေ နိုင်ငံခြားသား မဟုတ်သည့် နိုင်ငံခြားသားကို ဆိုသည်။

(ဍ) ပြည်ပနေနိုင်ငံသား ဆိုသည်မှာ မြန်မာနိုင်ငံပြင်ပတွင် နှစ်တနှစ်၌ မည်သည့်ကာလအပိုင်းအခြားမဆို နေထိုင်လုပ်ကိုင်၍ ထိုပြင်ပတွင် ဝင်ငွေရရှိသော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားကို ဆိုသည်။

(စ) **စုစုပေါင်းဝင်ငွေ** ထိုသည်မှာ ဝင်ငွေနှစ်အတွင်းရရှိသည့် အောက်ပါ ဝင်ငွေကို ဆိုသည်—

(၁) ပြည်တွင်းနေ နိုင်ငံသား၊ သို့မဟုတ် ပြည်တွင်းနေနိုင်ငံခြားသား ဖြစ်ပါက၊ မြန်မာနိုင်ငံအတွင်းမှလည်းကောင်း၊ ပြည်ပမှလည်း ကောင်း ရရှိသည့်ဝင်ငွေအားလုံး၊

(၂) ပြည်ပနေ နိုင်ငံသားဖြစ်ပါက၊ နည်းဥပဒေများအရ ပြဋ္ဌာန်းသည့် ဝင်ငွေအားလုံး၊

(၃) ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက၊ မြန်မာနိုင်ငံအတွင်း ရရှိသည့် ဝင်ငွေအားလုံး။

## အခန်း ၂

## ဝင်ငွေခွန်ကျသင့်စေခြင်း

၄။ ။(က) မည်သည့် စည်းကြပ်နှစ်အတွက်မဆို နိုင်ငံတော်၏ဘဏ္ဍာငွေအရ-အသုံး ဆိုင်ရာ ဥပဒေတွင် အောက်ပါတို့ကိုသတ်မှတ်နိုင်သည်—

ဝင်ငွေခွန်ကျသင့်စေခြင်း

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားအလိုက်အတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) စုစုပေါင်းဝင်ငွေ ကျပ် လေးသောင်းနှစ်ထောင် ကျော်လျှင် သီးခြားပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်းများ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ပြဋ္ဌာန်းပြုသည့်အခါ ၎င်းပုဒ်မခွဲစည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူအားလုံးအား ရရှိသည့် ဝင်ငွေအမျိုးအစားအလိုက်အတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည့်အပြင် ထိုနှစ် အတွင်းရရှိသော စုစုပေါင်းဝင်ငွေသည် ကျပ်လေးသောင်း နှစ်ထောင် ထက်ပိုလျှင် ပိုငွေအပေါ် သီးခြားသတ်မှတ်သည့် နှုန်းများဖြင့်လည်း စည်းကြပ်ရမည်။

(ဂ) ဤပုဒ်မနှင့် ပုဒ်မ ၇ ပါ စုစုပေါင်းဝင်ငွေ ကျပ်လေးသောင်းနှစ်ထောင် ကို နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေဖြင့် ပြင်ဆင် သတ်မှတ်နိုင်သည်။

၅။ ။(က) ဤဥပဒေသည် အောက်ပါဝင်ငွေ အမျိုးအစားကိုနှင့် မသက်ဆိုင် စေရ—

ကင်းလွတ်ခွင့်များ

(၁) ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတခုခုကရရှိ၍ ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် အကျိုးဆက် အသုံးပြုသောဝင်ငွေ၊

(၂) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏ဝင်ငွေ၊
(၃) ငွေစုဆောင်းမှုနှင့် စပ်လျဉ်း၍ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ရငွေတရပ်ရပ်၊
(၄) ပင်စင်မှပြောင်းလဲ၍ရသောငွေ။
(၅) သေဆုံး၍၊ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့်လျော်ကြေး၊
(၆) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ရရှိငွေ၊
(၇) အပန်တလဲလဲမဟုတ်ဘဲ တခါတရံရရှိသည့်ငွေ၊ သို့သော် အောက်ပါတို့ မပါဝင်စေရ—

(ကက) ပုဒ်မ ၁၃ အရ အခြေပနှုန်းမှ မြတ်စွန်းငွေ၊
( ခခ ) လုပ်ငန်းတရပ်ရပ်မှ ရရှိသည့်ဝင်ငွေ။

(ဂ) ပုဂ္ဂိုလ်စုတခုခုမှ အမြတ်ဝေစု။

(ခ) အစိုးရသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေရရှိသူ တမျိုးမျိုး၏ ဝင်ငွေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝင်ငွေအမျိုးအစားတရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ အောက်ပါတို့ကို ပြုလုပ်နိုင်သည်—

(၁) ကင်းလွတ်ခွင့်ပေးခြင်း၊
(၂) သက်သာခွင့်ပေးခြင်း။

(ဂ) အစိုးရသည် အစိုးရကဏ္ဍ၊ သို့မဟုတ် သမဝါယမကဏ္ဍအတွက် အသစ်ထူထောင်သော စက်မှုလက်မှုလုပ်ငန်းအမျိုးအစားတခုခုနှင့် စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုစတင်သော နှစ်အပါအဝင် တဆက်တည်း သုံးနှစ်ကာလတွင် ရရှိသည့်ဝင်ငွေအပေါ် အခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်။

**သက်သာခွင့်များ။**

**၆။** ။စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ်၍ ကျန်ငွေပေါ်တွင် အခွန်တွက်ချက်ရမည်—

(က) ပုဂ္ဂိုလ်စုဖြစ်လျှင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းသည့် အခြေခံခွင့်ပြုငွေ။
(ခ) တဦးချင်းပုဂ္ဂိုလ်ဖြစ်လျှင်—

(၁) နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းသည့် အခြေခံခွင့်ပြုငွေ၊
(၂) နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းသည့်ဇနီးနှင့်သားသမီးများအတွက်ခွင့်ပြုငွေ၊
(၃) အခွန်ထမ်း၊ သို့မဟုတ် ယင်းအိမ်ထောင်ဘက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံငွေ၊
(၄) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်ငွေစုဆောင်းခြင်းအတွက်ထည့်ဝင်ငွေ။

သို့ရာတွင် ဤပုဒ်မသည် ပုဒ်မ ၂၆ ပါ ပြည်ပနေနိုင်ငံခြားသားနှင့်သော်လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန်တွက်ချက်ခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်စေရ။

## အခန်း ၃

## လုပ်ပိုင်ခွင့်နှင့်တာဝန်များ

လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၇။ ။အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေပါ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ဆောင်ရွက်ရန်အတွက် အဖွဲ့များ ဖွဲ့စည်းနိုင်သည်။

ထို့ပြင် အစိုးရသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ယင်းအဖွဲ့တခုခု၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အရာရှိ တဦးဦးအားလည်း ပေးအပ်နိုင်သည်။

## အခန်း ၄

## ဝင်ငွေတွက်ချက်ခြင်း

ဝင်ငွေခေါင်းစဉ်များ

၈။ ။ဝင်ငွေအသီးသီးကို အောက်ပါဝင်ငွေခေါင်းစဉ်များအလိုက် တွက်ချက်၍ ခေါင်းစဉ်တခုစီ၌ ဝင်ငွေအား ခွဲခြားပြီး အခွန်စည်းကြပ်ရမည်—

(က) လစာ၊
(ခ) အသက်မွေးဝမ်းကျောင်း ပညာအလုပ်ငန်း၊
(ဂ) စီးပွားရေးလုပ်ငန်း၊
(ဃ) ပစ္စည်း၊
(င) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊
(စ) ဝင်ငွေ ရလမ်းမပေါ်ပြနိုင်သည့်ဝင်ငွေ။

သို့ရာတွင် စုစုပေါင်းဝင်ငွေသည် ကျပ်လေးသောင်းနှစ်ထောင်ထက် ပိုမိုလျှင် ထိုပိုငွေပေါ်တွင်လည်း သီးခြားအခွန်စည်းကြပ်ရမည်။

လစာ

၉။ ။မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့်၊ သို့မဟုတ် ရရန်ရှိသည့်အောက်ပါ ဝင်ငွေတို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်—

(က) လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင် ကရုဏာငွေကြေးနှင့်
(ခ) လစာနှင့် လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်၊

(၄) ကုမ္ပဏီနှင့် သမဝါယမအသင်း မဟုတ်သော ပုဂ္ဂိုလ်စုတွင်ပါဝင်သူ တဦးဦးအား ထိုပုဂ္ဂိုလ်စုမှပေးသည့်ငွေ၊ သို့သော် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းအတွက် ပေးငွေကို နုတ်ပေးရမည်။

**ရှင်းလင်းချက်။** ။စီးပွားရေးလုပ်ငန်း ဆိုသည့်အတွင်း အတိုးငွေရရန်အတွက် ငွေမြှုပ်နှံခြင်းလည်းပါဝင်သည်။

**ပစ္စည်း**

၁၂။ ။(က) မည်သူမဆို မြေ၊ သို့မဟုတ် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်းမှ မိမိရရှိသော ဝင်ငွေအတွက် ပစ္စည်း ခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။

(ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် အမှန်ရရှိရန်ရှိသည့် ငှားရမ်းခ၊ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏ ရာပြတ်နှုန်း ထို နှစ်ရပ်အနက် များသောငွေမှ ယင်းငွေရရှိရန် ကုန်ကျစရိတ်ကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ—

(၁) မှတည်စရိတ်၊
(၂) ကိုယ်ရေးကိုယ်တာစရိတ်၊
(၃) မဆီလျော်သည့်စရိတ်။

**အခြေပစ္စည်းမှမြတ်စွန်းငွေ**

၁၃။ ။မည်သူမဆို အောက်ပါ ပစ္စည်းတခုခုကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်၍ မိမိရရှိသည့် မြတ်စွန်းငွေအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေ ခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။

သို့ရာတွင် အဆိုပါ ပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့်တန်ဘိုးသည် ကျပ်နှစ်သောင်း ငါးထောင် ထက်ပိုသည့်အပြင် မြတ်စွန်းငွေသည်လည်း ကျပ်ငါးထောင်ထက်ပိုသည့်အခါမှ ဤပုဒ်မအရ အခွန်ထမ်းဆောင်ရမည်။

(က) မြေ၊
(ခ) အဆောက်အဦ၊
(ဂ) လုပ်ငန်းဆိုင်ရာ မှတည်ပစ္စည်း၊
(ဃ) ကိုယ်ပိုင်သုံးယာဉ်။

ထိုမြတ်စွန်းငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။

**ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ**

၁၄။ ။မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ မဖော်ပြနိုင်သည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင် ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း တရပ်ရပ် အတွက် **ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေ** ခေါင်းစဉ်ဖြင့် ယင်းပစ္စည်း တန်ဘိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။

ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။

## အခန်း ၅

### ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း

၁၅။ ။မည်သူမဆို နှစ်တနှစ်အတွင်း အခွန်စည်းကြပ် ထိုက်သော စုစုပေါင်းဝင်ငွေ ရရှိလျှင် ထိုသို့ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန် ပေးဆောင်ရန် တာဝန်ရှိစေရမည်။

**ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း**

၁၆။ ။(က) ပုဒ်မ ၁၅ ပါအတိုင်း ပေးဆောင်ရမည့် အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်း တွက်ချက်၍ ယင်းအပေါ် ကျသင့်သည့် အခွန် ဖြစ်ရမည်။ ထိုအခွန်ကို လစဉ်၊ သို့မဟုတ် သုံးလတကြိမ် အရစ်ဖြင့် ပေးဆောင်ရမည်။

**ဝင်ငွေရရှိသည့် အချိန်၌ အခွန်ပေးဆောင်ရန် နည်းလမ်းများ**

(ခ) အဆိုပါ စုစုပေါင်း ဝင်ငွေ၌ လစာခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေ တမျိုးတည်း ပါဝင်လျှင် ထိုဝင်ငွေ ရရှိသည့် အချိန်တိုင်းတွင် ရရှိသည့်ငွေမှ ထိုဝင်ငွေနှင့် စပ်လျဉ်း၍ ကျသင့်မည့် အခွန်ကို ပေးဆောင်ရမည်။

(ဂ) အဆိုပါစုစုပေါင်း ဝင်ငွေ၌ လစာခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေအပြင်၊ အခြားခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေလည်း ပါဝင်လျှင် လစာခေါင်းစဉ် တမျိုးတည်းနှင့် စပ်လျဉ်း၍ ကျသင့်သော အခွန်ကို ပုဒ်မခွဲ (ခ) ပါ အတိုင်း ပေးဆောင်၍ ကျန်အခွန်ကို ပုဒ်မခွဲ (က) ပါ အတိုင်း ပေးဆောင်ရမည်။

(ဃ) လစာ ခေါင်းစဉ်နှင့် အကျုံးဝင်သော ငွေတရပ်ရပ် ထုတ်ပေးရန် တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့် ငွေနှင့် စပ်လျဉ်းသည့် ကျသင့်သော အခွန်ကို နုတ်ယူရမည်။ ထိုသို့ နုတ်ယူရာတွင် သက်ဆိုင်သူ၏ တနှစ်အတွက် အဆိုပါ ခေါင်းစဉ်မှဝင်ငွေကို ခန့်မှန်း တွက်ချက်ပြီး ယင်းအပေါ် ကျသင့်သည့်အခွန်ကို အတတ်နိုင်ဆုံး အညီအမျှ အရစ်များဖြင့်နုတ်ယူရမည်။

သို့ရာတွင် ဝင်ငွေရရှိသည့် နှစ်အတွင်း အခွန်ကို ပိုနုတ်မိလျှင် သော်လည်းကောင်း၊ လျော့နုတ်မိလျှင် သော်လည်းကောင်း ကျန်အရစ်၊ သို့မဟုတ် အရစ်များကို လျော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူနိုင်သည်။

(င) လစာ ခေါင်းစဉ်မှအပ ကျန်ခေါင်းစဉ်များမှ ဝင်ငွေ အမျိုးအစား တရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူ က နုတ်ယူပေးသွင်းစေရန်အလို့ငှာ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

